

EAST-WEST SEED



MYANMAR

# နွယ်တက်ရန် စင်ဆောက်လုပ်ခြင်း နည်းပညာလမ်းညွှန်

## • စင်ဆောက်လုပ်ထားပေးသောသီးနှံ

» အပင်သန်စွမ်းမှု ပိုမိုကောင်းမွန်ခြင်း။
» အလွယ်တကူဆေးဖျန်းနိုင်ခြင်း မြေသြဇာကျွေးနိုင်ခြင်း ကိုင်းဖြတ်ထိန်းသိမ်းနိုင်ခြင်း။
» လေဝင်လေထွက်ကောင်းမွန်သောကြောင့် ရောဂါကျရောက်မှုနည်းပါးခြင်း
» လေဒဏ်ကြောင့် ပြိုလဲပျက်စီးမှုနည်းပါးခြင်း။










» အမြစ်ပျက်စီးမှုရှောင်ရှားရန် မစိုက်မီ (သို့ ) မရွှေ့မီ နွယ်တက်ရန်စင်ဆောက်လုပ်ပေးပါ။
» တောင့်တင်းခိုင်ခံ့မှုရှိသည့် စင်ဆောက်လုပ်ပေးသင့်သည်။

# • စင်ဆောက်လုပ်ခြင်း

## ခရမ်းချဉ်၊ သခွား နှင့် ပဲတောင့်ရှည်





» ၇ ပေခွဲရှိသော ဝါးတိုင်များပြင်ဆင်ပါ။
» မြေကြီးအတွင်းသို့ ၁ ပေခွဲ ထိုးစိုက်ပါ။





**စင်တင်ပိုက်တပ်ဆင်ရန် ပြင်ဆင်ခြင်း။**

» အပေါ်ပိုင်းနှင့် အောက်ပိုင်းရှိစင်တင်ပိုက်ကွင်းများကို ကြိုးတန်းတွင်ထည့်သွင်း ချိတ်ဆက်ပါ။
» တစ်ဖက်တစ်ချက်ရှိ ဝါးတိုင်အပေါ်၊ အောက်နေရာများတွင် ချည်နှောင်ပါ။
» ခပ်တင်းတင်းဆွဲပါ။










**စင်တင်ပိုက်ကွန်အား ဝါးတိုင်နှစ်ခုကြားဆွဲဆန့် ပါ။**

» ဝါးတိုင်တလျှောက် ပိုက်ကွန်ကိုချည်နှောင်ပါ။
» နွယ်တက်ရန် ပိုက်ကွန်အား အပင်နှင့်နီးကပ်စွာထားပါ။
» တင်းရင်းစွာချည်နှောင်ပါ။

# • စင်ဆောက်လုပ်ခြင်း

## ကြက်ဟင်းခါး၊ ခဝဲ၊ ပဲလင်းမြွေ (ဗုံလုံ)၊ ဘူး အစရှိသည်တို့ အတွက် စင်ဆောက်လုပ်ခြင်း





### ဝါးတိုင်များစိုက်ကာ ပုံပါအတိုင်းဘောင်များပြုလုပ်ပါ။

» ရွှေ့ စိုက်ပြီးနောက် ဝါးတိုင်အသေးများဖြင့်နွယ်တက်ရန် အမှီပြုလုပ်ပေးပါ။
» စင်တင်ပိုက်တပ်ဆင်ရန် ပြင်ဆင်ပါ။
» အပေါ်ပိုင်းနှင့် အောက်ပိုင်းရှိ စင်တင်ပိုက်ကွင်းများကို ကြိုးတန်းတွင်ထည့်သွင်းချိတ်ဆက်ပါ။



### အပေါ်ပိုင်းနှင့် အောက်ပိုင်းရှိ စင်တင်ပိုက်ကွင်းများကို ကြိုးတန်းတွင်ထည့်သွင်းချိတ်ဆက်ပါ။

» ပိုက်ကွန်အား ဆွဲဆန့် ပါ။
» ကြိုးများနှင့်ချိန်ညှိ၍ ခပ်တင်းတင်းဆွဲပါ။
» စင်ပိုက်ကွန်အား ဝါးတိုင်များတွင်ချည်နှောင်ပါ။






သီးနံ့ဆွတ်ခူးပြီးနောက်အမြစ်မှဆွဲနုတ်ခြင်း (သို့ ) အပင်ခြေမှဖြတ်ပြီး အပင်နှင့်ပိုက်ကိုဝါးတိုင်စင်မှ ဖယ်ရှားပါ။ အပင် ခြောက်သည်နှင့်တပြိုင်နက် စင်တင်ပိုက်ကိုသန့် ရှင်းပြီးပါက ပြန်လိပ်၍သိမ်းဆည်းကာ ကြိမ်ဖန်များစွာပြန်လည်အသုံးပြုနိုင်သည်။

# • အခြားသောအရာများဖြင့် နွယ်တက်ရန်စင်ဆောက်လုပ်ခြင်း

သခွား၊ ကြက်ဟင်းခါး၊ ခဝဲ အပင်များအတွက် အသင့်သုံးပိုက်ကွန်များမရှိပါက အခြားအရာများဖြစ်သောသွပ်နန်းကြိုး၊ ဝါယာကြိုးနှင့် ဝါးတို့ ကို ပိုက်ကွန်ကဲ့သို့ ခိုင်ခံ့အောင်ပြုလုပ်၍ အသုံးပြုနိုင်သည်။







## ခရမ်းချဉ်၊ ခရမ်းနှင့် ငရုတ်










*http://guides.eastwestseed.com*

EWSF မှထွက်ရှိသော စိုက်ပျိုးနည်းလမ်းညွှန်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။@East West Seed Foundation ၏ ၂၀၁၈ မူပိုင်ခွင့်။
နည်းပညာဆိုင်ရာထောက်ခံချက်များနှင့်ပက်သက်၍ Wageningen University & Research နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။

WAGENINGEN UNIVERSITY & RESEARCH